အထွေထွေအကြောင်းအရာ;
အဓိကအကြောင်းအရာများ
သခင်ဘုရားပြန်လည်ရယူခြင်း၌မျက်မှောက်လိုအပ်ချက်များနှင့်ပတ်သက်ခြင်း
Message One
သခင်ဘုရားကြွလာခြင်းမတိုင်မီအခြေအနေကိုသိနားလည်ခြင်းသည်နောဧ၏
နေ့ရက်များကဲ့ဖြစ်လိမ့်မည်, လူသားအသက်သာမှုတမှန်ကန်စွာအသက်ရှင်ခြင်း-
နှင့်ဘေးဒဏ်ကြီးကာလမတိုင်မီချီဆောင်ခံရခြင်း
ဖတ်ရန်ကျမ်း, မ: ၂၄:၃၂-၄၄; လု, ၁၇:၃၁-၃၆;

**I."အကြောင်းမှာ လူသားသည် ကြွလာသောအခါ နောဧလက်ထက်၌ ဖြစ်သကဲ့သို့ ဖြစ်လိမ့်မည်။" မ, ၂၄:၃၇;**

A.ကြွလာခြင်းအတွက်ဂရိစကားလုံး(parousia)ပါရှိစိယားဖြစ်ပြီး"မျက်မှောက်တော်" ကိုဆိုလိုသည်။မ, ၂၄:၃၃:

1, ရှေးခေတ်အချိန်၌ဤစကားလုံးသည်ဂုဏ်သရေရှိသောပုဂ္ဂိုလ်ကိုယ်ကိုကြွလာခြင်း၌အသုံးပြုသည်။ဓမ္မသစ်၏ဤစကားလုံးသည်ဂုဏ်သရေအရှိဆုံးသောသူခရစ်တော်၏ကြွလာခြင်းကိုရည်ညွှန်းသည်။

2,ခရစ်တော်၏ကြွလာခြင်းသည်ကိုယ်တော်၏လူများနှင့်အတူကိုယ်တော်၏မျက်မှောက်တော်ရှိလိမ်းမည်ဖြစ်သည်။ ကိုယ်တော်၏မျက်မှောက်တော်သည် သားယောကျာ်းကိုချီဆောင်ခြင်းနှင့်အတူစတင်လိမ်မည်(ဗျာ,၁၂:၅)ဖြစ်ပြီးအဦးသီးသောအသီးများ(၁၄:၁-၄) သန်းရှင်းသူများနှင့်အတူမြေကြီးပေါ်တွင်ကိုယ်တော်၏ပေါ်လာခြင်းဖြင့်အဆုံးသတ်လိမ်းမည်ဖြစ်သည်။--မ,၂၄:၂၇, ၂သက်, ၂:,၈ ယု,:၁၄;

B, သခင်ဘုရားကြွလာခြင်းမတိုင်မီအခြေအနေသည် နောဧ၏ နေ့ရက်များကဲ့သို့ဖြစ်လိမ်မည်ဖြစ်သည်။

1.နောဧသည်သေွဖည် ကောက်လိမ်သောခေတ်၌အသက်ရှင်ခဲ့သည်။ က, ၆:၁-၂၂;

a. လူသား၏ပထမအကြိမ်ကျဆင်းခြင်း၏ရလဒ်အဖြင့်စာတန်၏ဆိုးညစ်သောတဘောသဘာဝကိုလူသားအထဲသို့ထိုးသွင်းခဲ့ပြီဖြစ်သည်။--က ၃:၁-၆; ယေယ,၈:၄;

b.ဒုတိယကျဆင်းခြင်း၌စာတန်၏တဘောသဘာဝကိုလူ၌ ဘုရားဝါဒီအဖြင့်လူသားယျဉ်ကျေးမှုကိုတိုးတက်စေပြီးတီထွင်ခဲ့ကြသည်။ က, ၄:၁၆-၂၄; ၁ယော,၅:၁၉;

c. တတိယအကြိမ်ကျဆင်းသောအခါဤဘုရားမဲ့ဝါဒီဖြစ်သောယျဉ်ကျေးမှုသည်ဆိုးညစ်မှုကိုထုပ်လုပ်ပြီးမျိုးဆက်များကို ဖောက်ပြန်ခြင်း, ဖျက်ဆီးခြင်းနှင့်သေွဖည်စေပြီးမှောင်မိုက်၏ဆိုးညစ်သောတန်ခိုးနှင့် ၎င်း၏အကြမ်ဖက်မှုများနှင့်အတူမြေကြီးကိုပြည့်စေပြီးပျက်စီးစေခဲ့သည်။ က, ၆:၁-၁၃;

2.မ,၂၄:၃၇-၃၉ နှင့် လုကာ ၁၇:၂၆-၂၇ တို့တွင်သခင်ယေရှုသည်ကျွန်ုပ်တို့၏ခေတ်ကိုနောဧနေ့ရက်များကဲ့သို့ဖြစ်စေလိုသည်

a. ရေလွှမ်းမိုးခြင်းမတိုင်မီနောဧ၏မျိုးဆက်ကိုထိုင်းမှိုင်းစေသောဆိုးညစ်သောအသက်ရှင်ခြင်းအခြေအနေသည်သခင်ဘုရား၏မျက်မှောက်တော်နှင့်ဘေးဒဏ်ကြီးမတိုင်မီလူသား၏ဘေးသင့်ဖွယ်သောအခြေအနေကိုဖော်ပြခြင်းဖြစ်သည်။ မ, ၂၄:၂၁,၃, ၂၇,၃၇,၃၉;

b. ကျွန်ုပ်တို့သည်ဘေးဒဏ်ကြီးကာလကိုလွတ်မြောက်ပြီးသခင်ဘုရား၏မျက်မှောက်တော်ကိုမွေ့လျော်ဝမ်းမြောက်ရန်အောင်မြင်သောသူများကိုချီဆောင်ခြင်း၌ပါဝင်လိုပါက, ကျွန်ုပ်တို့သည်ယနေ့လူသား၏ဖောက်ပြန်ပျက်ဆီးသောအသက်ရှင်ခြင်း၏အကျိုးသင်ရောက်မှုကိုအောင်မြင်ရလိမ်းမည်ဖြစ်သည်။--လု, ၂၁:၃၄-၃၆;

**II "ထိုအခါလယ်၌ ရှိသော ယောကျာ်းနှစ်ယောက်တို့တွင် တစ်ယောက်ကို သိမ်းယူ ၍၊ တစ်ယောက်မူကား နေရစ်ရလတံ့။ကြိတ်ဆုံကြိတ်သော မိန်းမနှစ်ယောက်တို့တွင် တစ်ယောက်ကို သိမ်းယူ၍၊ တစ်ယောက်မူကား နေရစ်ရလတံ့။" မ, ၂၄:၄၀-၄၁;**

A.ယောကျာ်းနှစ်ယောက်နှင့်မိန်းမနှစ်ယောက်တို့သည်သခင်ဘုရားဒုတိယအကြိမ်ကြွလာသောအခါအသက်ရှင်နေကြသောယုံကြည်သူများကို ကိုယ်စားပြုသည်။

B. ယူဆောင်ရန်ဆိုသည်မှာဘေးဒဏ်ကြီးမတိုင်မီချီဆောင်ခံရန်ဖြစ်သည်။--v ၂၁:ဗျာ. ၃:၁၀;

1. ချီဆောင်ခြင်းသည်-အသက်သာပုံသဏ္ဍာန်ပြောင်းလဲခြင်း ၊ကျွန်ုပ်တို့၏ခန္ဓာကိုယ်ရွေးနှုတ်ခြင်း၌ဘုရားသခင်၏ပြည့်ဝသောကယ်တင်ခြင်းအဆင့်ကိုပြီးမြောက်စေခဲ့သည်။ ရော. ၅:၁၀; ၈:၂၃; ဖိ, ၃:၂၁;

2.ကျွန်ုပ်တို့သည်သခင်ဘုရား၌ယုံကြည်ပြီးကယ်တင်ခံရပြီးနောက်ကျွန်ုပ်တို့လက်ခံရရှိခဲ့သောဘုရားဆိုင်ရာအသက်၏တောင်းဆိုမှုများနှင့်သခင်ဘုရားထံသို့ကျွန်ုပ်တို့၏ချစ်ခြင်းပျင်းပြမှုကြောင့်သခင်ဘုရားကြွလာခြင်းကိုစောင်းမျှော်သောအသက်သာကိုလိုက်ရန်အလိုဆန္ဒရှိကြသည်။---၁သက်. ၁:၁၀; ၂:၁၉;၃:၁၃;၄:၁၅; ၅:၂၃;

3. ဤကဲ့သို့သောအသက်သာ၌သခင်ဘုရားကိုချစ်ခြင်းနှင့်ကိုယ်တော်၏ပြန်လည်ကြွလာခြင်းအတွက်စောင်းမျှော်နေကြသောကျွန်ုပ်တို့သည်သခင်ဘုရားနှင့်အတူပျော်ရွှင်စွာအတူတကွတွေ့ဆုံရန်၊ သခင်ဘုရားမျက်မှောက်တော်ထံသို့ချီဆောင်ခံရရန်သမ္မာကျမ်းစာ၌ ဖေါ်ပြခြင်းနှင့်ပရောဖက်ပြုချက်အတိုင်းမျော်လင့်နေကြသည်။--မ. ၂၄:၄၀-၄၁; လု.၁၇:၃၁-၃၆.၂၁:၃၆;

C.မသဲ. ၂၄:၄၀-၄၁ တွင် လျို့ဝှက်စွာချီဆောင်ခြင်းတွင် ရင့်ကျက်သောသူများနှင့်၊အဆင်သင့်ဖြစ်သောသူများ၏ချီဆောင်ခြင်းကိုရည်ညွှန်းသည်။

1. ချီဆောင်ခံရသောသူနှင့်ချန်ထားခဲ့သောသူအကြားခြားနားမှုမှာအသက်၏ရင့်ကျက်ခြင်း၌ဖြစ်သည်။တစ်ယောက်သောသူသည်ရင်းကျက်ပြီးတစ်ယောက်မူကားမရင့်ကျက်ပါ။---ဟေ. ၆:၁;

2.ရင့်ကျက်လာရန်မှာည ချင်းကျော်အကြောင်းကိစ္စမဟုတ်ပါ။ကျွန်ုပ်တို့သည်သခင်ဘုရားကြွလာခြင်းအတွက်ကိုယ်တော်၌ကြီးထွားရန်နှင့်ကိုယ်တော်ကိုချစ်ရန်မိမိကိုယ်ကိုယ်ပြင်ဆင်ရန်လိုအပ်သည်၊ ထိုသို့ဖြင့်ကိုယ်တော်ပေါ်လာသောအခါကျွန်ုပ်တို့သည်ကြီးထွားနိုင်၍ချီဆောင်ခံရနိုင်သည်။

D. မသဲ. ၂၄:၄၀-၄၁တွင်သခင်ဘုရား၏စကားသည် ကျွန်ုပ်တို့က ကိုယ်တော်၏ကြွလာခြင်းအတွက်စောင်းနေခြင်းနှင့်ချီဆောင်ခံရရန်မျော်လင့်နေကြသောကျွန်ုပ်တို့ကိုပြသပေးထားသည်။ကျွန်ုပ်တို့၏နေ့စဉ်တာဝန်များ၌သစ္စာရှိရမည်, လူသားအသက်သာမျှတမှန်ကန်စွာအသက်ရှင်ရမည်။ --၂သက်, ၃:၆-၁၅;

**III.လု. ၁၇:၃၁-၃၆တွင်ချီဆောင်ခြင်းခေါ်ရန်ကျွန်ုပ်တို့၏တုံ့ပျံမှုကိုပြောထားသည်။**

A.ဤကျမ်းပိုဒ်ကအပြစ်ပြည့်ဝသောအရာများနှင့်ငင်း၌စွဲစပ်သောစိတ်အသက်ကိုဖော်ပြခြင်းမဟုတ်ဘဲ၊ လောက၏အရာများနှင့်စွဲစပ်ခြင်းကိုပြောထားသည်။ဤနေရာတွင်သခင်ဘုရား၏တောင်းဆိုမှုနှင့်ပတ်သက်၍ယုံကြည်သူများသည်သူတို့၏လက်တွေ့ကျသောနေ့စဉ်အသက်သာကိုအောင်မြင်ခြင်းရှိရန်ဖြစ်သည်။အငယ်. ၃၄-၃၆;

B. အသက်ရှင်သောယုံကြည်သူများကိုအောင်မြင်သောသူများ၏ချီဆောင်ခြင်း၌ပါဝင်၊ မပါဝင်သည်မှာထွက်သွားရန်ခေါ် ခြင်းကိုတုံ့ပြန်ခြင်းအပေါ်တွင်မူတည်ပါသည်။ချီဆောင်ခြင်းသည်လျို့ဝှက်စွာနှင့်မမျော်လင့်ဘဲဖြစ်ပေါ်လာလိမ့်မည်။--v ၃၁;

1.ဤခေါ် ခြင်းသည်သခင်ဘုရားနှင့်အတူကျွန်ုပ်တို့ကျော်ဖြတ်ခဲ့ပြီးသောအသက်သာသို့ဆက်နွယ်ခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့၌နောက်ဆုံးမိနစ်အချိန်အပြောင်းအလဲနိမိတ်လက္ခာကိုလည်းထုတ်လုပ်လိမ့်မည်မဟုတ်ပါ။

2. ထိုအချိန်၌ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်နှလုံး၌စစ်မှန်သောတန်ဖိုးထားခြင်းကိုရှာဖွေတွေ့ရှိလိမ့်ဖြစ်သည်။ဤတန်ဖိုးထားခြင်းသည်သခင်ဘုရားကိုယ်တော်တိုင်ဖြစ်သည်၊ ထိုနေရာတွင်နောက်ပြန်လှည့်ကြည့်လိမ့်မည်မဟုတ်ပါ။---၃၂;

3. ကျွန်ုပ်တို့သည်သခင်ဘုရားကိုယ်တော်တိုင်ထက်ခြားနားသောအရာခပ်သိမ်နှင့်အရောက်တိုင်းမှဝိညာဉ်တော်၌ရှိသောတပ်စုများကိုခွင်းချက်မရှိသတိဖြတ်ရန်ကျွန်ုပ်တို့၌ကားတိုင်ကိုလိုအပ်သည်။--v၃၂;

C.အချို့သောသူတို့သည်ချီဆောင်ခံရသည် သူတို့သည်သခင်ဘုရား၏မျက်မှောက်တော်ကိုမွေးလျှော်ဝမ်းမြောက်ခြင်းအထဲသို့ချီဆောင်ခံရန်ဤခေတ်၌စိတ်အလိုလိုက်လွန်းခြင်း၊ ထိုင်းမှိုင်းသောအသက်ရှင်ခြင်း၏အကျိုးသက်ရောက်မှုကိုအောင်မြင်ကြသောကြောင့်ဖြစ်သည်။----vv၂၆-၃၀, ၃၄-၃၆;

D.လု,၂၁:၃၄-၃၆ ၌သခင်ယေရှုက ကျွန်ုပ်တို့ကိုအချိန်တိုင်းသတိနှင့် စောင်းကြည့်ရန်သတိပေးထားသည်၊ ထို့ကြောင့် သင်တို့သည် "ဖြစ်လတံ့သော အမှုအရာတို့ နှင့် ကင်းလွတ် ၍၊ လူသားရှေ့၌ ရပ်ခြင်းကို ခံထိုက်သောသူဖြစ်သည်ဟု မှတ်တော်မူမည်အကြောင်း၊ တောင်းလျှောက်လျက် အစဉ်စောင့်နေကြလော့ဟု မိန့်တော်မူ၏။"